# ကိုလင်း ဘဝ အမြင်နှင့် ဖြတ်သန်းမှု အကျဉ်း

ကျနော် အမည် ကိုလင်း ဖြစ်ပါသည်၊ ကျနော် ဖင်လန်နိုင်ငံ ယူဗားစကူးလား မြို့သို့ ၂၀၀၅ ခုနှစ် တွင် ရောက်ရှိနေထိုင်ခဲ့သည်၊ ကျနော်တွင် ကလေးနှစ်ယောက် နှင့် မိသားစု စုစုပေါင်း ၄ ဦး အတူတကွ နေထိုင်သည်၊
ကျနော်၏ သားသမီးများသည် ကလေးထိမ်းကျောင်းတွင် နေ့စဉ် သွားရောက် ပြီး ကျနော်နှင့် ဇနီးဖြစ်သူတို့မှာ ဖင်လန် ဘာသာ စကားသင်ကျောင်းတွင် နေ့စဉ် သွားရောက် စာသင်ကြားနေသည်၊ ဖင်လန် ဘာသာ စကားသည် စိတ်ဝင်စားမှု ရှိပါက သင်ကြားရာတွင် အခက်အခဲ မရှိသော်လည်း၊ ရောက်ခါစ ဖင်လန်ဘာသာ စကား သင်ကြားရာတွင် အလွန်အခက်အခဲများရှိခဲ့သည်၊

## ထိုင်း မြန်မာ နယ်စပ်ဒေသ နေထိုင်စဉ် ဘဝ

ကျနော်သည် မြန်မာပြည်တွင် နေထိုင်စဉ် ၁၉၈၈ ခုနှစ် တွင့် ပြည် ကော်လိပ် ဒုတိယ နှစ်ကျောင်းသားတစ်ယောက်အဖြစ်ပညာသင်ကြားနေစဉ် မြန်မာပြည်၏ နိုင်ငံရေး ပြောင်းလဲမှုများဖြစ်ခဲ့သည်၊
မြန်မာပြည်သည် (၁၉၄၈)လွတ်လပ်ရေး ရပြီး ၁၀ နှစ် လောက်အကြာတွင် စစ်တပ်မှ အာဏာသိမ်းပြီးနောက် စစ်အာဏာရှင်စနစ် အောက်တွင် တစ်လျှောက်လုံး နေထိုင်ခဲ့ရသည်၊ ယ္ခုအချိန်ထိတိုင်အောင် အင်မတန် ဆိုးဝါးသော စစ်အာဏာ ရှင်စနစ်အောက်တွင် မြန်မာပြည်သား အားလုံး နေထိုင်နေရသည်။

ကျနော်သည် အမိမြန်မာပြည် မှ ၁၉၈၈ ခုနှစ် မြန်မာနိုင်ငံ ဒီမိုကရေစီ ရေး လှုပ်ရှားမှု အတွင်းဝင်ရောက်ပါဝင်ခဲ့ပြီးနောက်ပိုင်း စစ်တပ်မှ အာဏာသိမ်းသောအခါဖမ်းဆီးခြင်း မခံရ အောင် ထိုင်းမြန်မာ နယ်စပ်သို့ ထွက်ခွါလာခဲ့သူ တစ်ယောက်ဖြစ်သည်၊ ထိုင်းမြန်မာ နယ်စပ်ဒေသတွင် မြန်မာကျောင်းသားများလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အတွင်းဝင်ရောက်ခဲ့ပြီး ပြည်တွင်းစစ်ဖြစ်ရာ နေရာဒေသ တော်တော်များများကိုသွားရောက်ခဲ့ပြီး တော်လှန်ရေး ရဲဘော်တစ်ယောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်၊
နယ်စပ်ဒေသများတွင် နေထိုင်စဉ်အတွင်း ကျနော်တို့ဘဝများသည် အလွန်အင်မတန် ကြမ်းတမ်း ခက်ခဲမှုများနှင့် ရင်ဆိုင်ခဲ့ရသည်၊ အစားအသောက်များရှားပါးခြင်း၊ ကျန်းမာရေးဆိုင်ရာ ဆေးဝါးများ ရှားပါးခြင်း၊ ငှက်ဖျားရောဂါများ ဖြစ်ပွားခြင်း၊ နေ့စဉ် တိုက်ပွဲများ ဖြစ်ပွားခြင်းများ ရင်ဆိုင်တွေကြုံခဲ့ ရသည်။

ထိုနောက် ကျနော်သည် ထိုင်းနိုင်ငံ မြို့တော် ဘန်ကောက်တွင့် မြန်မာ နိုင်ငံရေး ရုံးတစ်ရုံးတွင် ပြန်ကြားရေး လုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်၊ ကျနော်၏ လုပ်ငန်းများမှာ လစဉ် သတင်းစာဆောင်များထုတ်ဝေခြင်း၊ မြန်မာပြည်၏ ပြည်တွင်းစစ် နှင့်ပတ်သက်သော ဗီဒီယို သက်သေအထောက်အထားများရိုက်ကူးခြင်း၊ ထိုင်းမြန်မာ နယ်စပ်ဒေသ များသို့သွားရောက်ပြီး ပြည်တွင်းစစ်သတင်းများ ယူခြင်း စသောလုပ်ငန်းများကို နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့သည်၊ ကျနော် အတွက်ထိုလုပ်ငန်းသည် အင်မတန် စိတ်ဝင်းစားမှု ကောင်းသော နှစ်သက် သောလုပ်ငန်းဖြစ်သည်၊

# ဖင်လန်နိုင်ငံ နေထိုင်စဉ် လှုပ်ရှားမှု

ဖင်လန်နိုင်ငံသည် ငြိမ်းချမ်း သောနိုင်ငံတစ်ခုဖြစ်သောကြောင့် မိသားစုဘဝ များ အစစ အေးချမ်းမှုရှိပါသည်၊ရောက်ခါစတွင် ဘာသာစကား သင်ကြားမှု ခက်ခဲခြင်း နှင့် ရာသီဥတု ဒဏ် အေးခြင်းကြောင့် အခက်အခဲအနည်းငယ် ရှိပါသည်၊ ဖင်လန်နိုင်ငံ ၏အကောင်းဆုံး မှာ ကျန်းမာရေးဆိုင်ရာကူညီပေးမှု များသည်အင်မတန်ကောင်းမွန်သော နိုင်ငံတစ်ခုဖြစ်ကြောင်း တွေ့ရသည်၊ ပညာရေး ဆိုင်ရာ များတွင်လည်း အင်မတန်ကောင်းမွန်သော နိုင်ငံတစ်ခု ဖြစ်သည်၊ နည်းပညာပိုင်းဆိုင်ရာ တိုးတက်နေသော နိုင်ငံတစ်ခုဖြစ်သည်၊

ဖင်လန်နိုင်ငံသို့ ရောက်ရှိပြီး နောက်ပိုင်း ကျနော်သည် ဖင်လန်ဘာသာ စကားကို အဓိကထား သင်းကြားရင်း တစ်ဖက်မှာလည်း အမိမြန်မာ ပြည် အတွက်မိမိ လုပ်ဆောင်နိုင်သော လုပ်ငန်းများကို လုပ်ကိုင်နေသည်၊ နေ့ စဉ် မြန်မာပြည်နှင့်ဆိုင် သော သတင်းများကို အင်တာနက် ဝက်ဆိုက် များ၊ ရေဒီယိုသတင်းများ၊ နယ်စပ်ဒေသ တွင် ယခုအထိ နေထိုင်နေသော ရဲဘော်မိတ်ဆွေများ ထံမှ ရရှိနေသည်၊ ဖင်လန် နိုင်ငံ ယူးဗားစကူးလား တွင် နေထိုင် နေကြသော မြန်မာပြည်ဖွားတိုင်းရင်းသား ပေါင်းစုံ မိတ်ဆွေများကိုလည်း မိမိတို့ မြန်မာပြည် အတွင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံးအတွက် မမေ့ ကြရန်အမြဲတိုက်တွန်းပေးသည်၊

ဖင်လန်နိုင်ငံ ယူးဗားစကူးလား မြို့ တွင် နေထိုင်ကြသော မြန်မာပြည်ဖွား တိုင်းရင်းသားများအား စုစည်းပြီး မိမိ တို့ သည် လူမှုရေးဆိုင်ရာလုပ်ငန်း၊ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများ၊ ဘာသာရေး ဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် လူမှုရေးအဖွဲ့ တစ်ခုကို တည်ထောင်ခဲ့သည်၊ ထိုအဖွဲ့ ကို၂၀၀၇ ခုနှစ်တွင် ဖင်လန်နိုင်ငံ ယူးဗားစကူးလား မြို့ တွင်နေထိုင်ကြသော တိုင်းရင်းသားများ စုစည်းပြီးတည်ထောင်ခဲ့ခြင်းဖြစ်သည်၊
မိမိ တို့ မြန်မာ နိုင်ငံ တိုင်းရင်းသား များ၏ ယဉ်ကျေးမှုများ ရိုးရာဝတ်စား ဆင်ယဉ်မှုများ၊ ကို ဖင်လန်နိုင်ငံသားများ၊ အခြားနိုင်ငံသားများ သိရှိ နိုင်ရန်နှင့် ယဉ်ကျေးမှု ခြင်း ဖလှယ်နိုင်ရန် ရည်ရွယ်၍ ဖွဲ့ စည်းခြင်းဖြစ်သည်၊

အဖွဲ့ ၏ အမည်မှာ မြန်မာနိုင်ငံ တိုင်ရင်းသားပေါင်းစုံ လူမှုကူညီရေး အသင်းဖြစ်သည်၊
ALL BURMESE NATIONALITIES SOCIAL ASSOCIATION .JKL ( ABNSA )
မိမိတို့ အခြားရည်ရွယ်ချက်များ မှာ မြန်မာပြည်သားများ၏ ယဉ်းကျေးမှုဆိုင်ရာလုပ်ငန်းများ၊ ပညာရေးဆိုင်ရာ လုပ်ငန်းများ၊ ဘာသာရေးဆိုင်ရာလုပ်ငန်းများကို မိသားစုစိတ်ဓါတ်ဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးနိုင် ရန်နှင့် အမိမြန်မာပြည် ရှိ တိုင်းရင်းသားများ ဒုက္ခ ရောက်နေကြသည်ကို မမေ့ကြရန် ဖြစ်သည်၊ အဓိက မိမိ တို့ပြင်ဆင်ထားသော လုပ်ငန်းမှာ မြန်မာပြည်ဖွား ကလေးများကို မြန်မာစာ သင်နိုင်ရေး ဖြစ်သည်၊ မြန်မာ စာသင်ကျောင်းလေးတစ်ခု ဖြစ်မြောက်လာရန် အလွန်လိုးလားပါသည်၊ အခြားမြို့ များတွင် တိုင်းရင်းသား ပေါင်းစုံ ကလေးသူငယ်များအတွက် မြန်မာစာ သင်ကျောင်းလေးများ တည်ထားပြီး စာပေများသင်ကြားလျှက် ရှိနေသည်။

## အနာဂါတ်မျှော်လင့်ချက်

ကျနော်သည် ဖင်လန်နိုင်ငံတွင် မိမိလုပ်ကိုင်ခဲ့ဖူးသော ဖါတ်ပုံ ဗီဒီယို လုပ်ငန်းများ၊ စာဆောင် ထုတ်လုပ်ခြင်း လုပ်ငန်းများ နှင့် ဆိုင်သော အတတ်ပညာကျောင်းများတွင် ဆက်လက်၍ ပညာ သင်ကြားခြင်ပါသည်၊ အခွင့်အရေး ရလျှင် ထိုလုပ်ငန်းဆိုင်ရာနှင့်ပတ်သက်သည် ကျောင်းများ တွင် ဆက်လက် ပညာသင်ကြားနိုင်ရန် ရည်ရွယ်ထားသည်၊ မိမိ၏ မိသားစုနှင့် စိတ်အေးချမ်းသာစွာ လုပ်ကိုင် စားသောက်နေထိုင်သွားရန် နှင့် သားသမီးများအား ပညာရေးတိုးတက်ကောင်းမွန်စွာသင်ကြားနိုင်ရန် အထူးမျှော်လင့်ထားပါသည်၊

ဖင်လန်နိုင်ငံသည် အလုပ်အကိုင် ရှားပါး ကြောင်း သိရှိရသည်၊ သို့သော် အနာဂါတ်ကာလတွင် အလုပ်အကိုင်များ ပေါများလာရန် မျှော်လင့်ထားသည်၊ မိမိ အနေနှင့် မိမိ တပ်မြောက်ထားသော အသိပညာများဖြင့် တစ်နေ့တစ်ရက် တွင် မြန်မာပြည် ရှိတိုင်းရင်းသား အားလုံးအတွက် ပြန်လည်၍လုပ် ကိုင်ပေးရန် ရည်ရွယ်မျှော်လင့် ထားသည်၊

## ဖြစ်စေခြင်သောစိတ်ကူးယဉ်မှုများ

မိမိ ၏ စိတ်ကူးယဉ် မှုများမှာ မဝေးသော အနာဂါတ်ကာလတွင် ဖင်လန်နိုင်ငံ တွင် ရောက်ရှိနေသော မြန်မာနိုင်ငံသား တိုင်းရင်းသားပေါင်းစုံ ၏ဘဝများသည် အလုပ်အကိုင် အစဉ်ပြေစွာဖြင့် လုပ်ကိုင်နေခြင်း၊ မြန်မာနိုင်ငံသား တိုင်းရင်းသားပေါင်းစုံ၏ ရင်သွေးငယ်ကလေးများအားလုံး အဆင့်မြင့် ပညာများသင်ကြားပြီး တစ်နေ့တစ်ချိန် အမိမြန်မာပြည်အတွက် ကောင်းမွန်သော အကျိုးပြုလုပ်ငန်းများ ပြန်လည် လုပ်ကိုင်ပေးခြင်းများကို အထူးလိုလားပါသည်၊

ထိုအတူ အမိမြန်မာပြည်တွင်လည်း မိမိတို့ ရည်မှန်းချက်ဖြစ်သော ဒီမိုကရေစီ နိုင်ငံတော်တခု အ ဖြစ်တည်ရှိနေခြင်း၊ မြန်မာနိုင်ငံသားအားလုံးစိတ်ချမ်းသာယာစွာ နေထိုင်လုပ်ကိုင်စားသောက်ပြီး တိုင်းရင်းသား အားလုံးစည်းလုံးညီညွတ်စွာဖြင့်တိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တစ်ခု တည်ဆောက် သွားရန်သည် ကျနော် ဘဝ ၏ နေ့စဉ် စိတ်ကူးယဉ် မျှော်လင့်ချက်များ ဖြစ်သည်။